စိတ်ကူးချိုချိုအနုပညာ

# ပီမိုးနင်း

## စကားပြောဟောနည်း



ဒုတိယအကြိမ်

# စိုးနှင်း

စကားပြောဟောနည်း

PMN0005

800.00 KS

mgyoe.com

mgyoe.com

စကားပြောဟောနည်း

ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၄၀၀၈၇၀၀၈၀၈ နှင့် |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၄၀၀၈၈၁၀၈၀၈ တို့ဖြင့် |

မျက်နှာဖုံးဒီဇိုင်း မောင်မောင်သိုက်၊ ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၆၄ လမ်း၊ ရန်ကုန်တို့က ဒုတိယအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၈ ခု၊ ဒီဇင်ဘာလတွင် တန်ဖိုး ၈၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် ကိုမြင့်

mgyoe.com

mgyoe.com

# မာတိကာ

## အပိုင်း (၁)

၁။ အပြောကောင်းခြင်း ၁
၂။ လုံးလုံး မသုံးနှုန်းသင့် ၁၃
၃။ လိုလား၍လာကြသည် ၁၃
၄။ လေ့ကျင့်နည်းများ ၁၄

## အပိုင်း (၂)

၅။ နှုတ်သွက်ခြင်း ၁၉
၆။ စာဖတ်ပြသူ ၂၀
၇။ ဟောပြောရန် ပြင်ဆင်နည်း ၂၀
၈။ ရိုးလွန်းသောစကားများနှင့် စကားမှားများ ၂၃
၉။ ရိုးသားစွာပြော ၂၉
၁၀။ လူငယ်စကားပြောနည်း ၃၁
၁၁။ တောင်ကျစမ်းလို ၃၂

## အပိုင်း (၃)

၁၂။ အသံအကြောင်း ၃၇

mgyoe.com

mgyoe.com

## အပိုင်း (၄)

၁၃။ ကိုယ်ဟန်လက်ဟန် ၄၇
၁၄။ လက်ဟန်အမူအရာ ၄၈
၁၅။ အရှိအသေ ၄၉
၁၆။ လေးနက်သော လက်ဟန် ၅၀
၁၇။ ကိုယ်အမူအရာ ၅၁

## အပိုင်း (၅)

၁၈။ တင်ကြို ပြင်ဆင်မှု ၅၅
၁၉။ ဖတ်–မှတ်–ရေး–ပြော ၅၈
၂၀။ ဉာဏ်မကြီးသော လှိုက်ချော့ ၅၈
၂၁။ ပင်ကိုဉာဏ် ၆၀
၂၂။ စာရေးဆရာ ၂ မျိုး ၆၁
၂၃။ အပြောနှင့် အဟော ၆၄
၂၄။ ကိုယ်တွေ့လက်တွေ့ ၆၆

## အပိုင်း (၆)

၂၅။ မိမိကိုယ်ကို ယုံကြည်ကိုးစားခြင်း ၇၁
၂၆။ ဟောပြောခြင်းအပိုင်းခွဲပုံ ၇၆
၂၇။ ကြော်ငြာအရေးကြီးပုံ ၇၆

## အပိုင်း (၇)

၂၈။ စကားအဆုံးသတ်နည်းနှင့် ယုံကြည်အောင်ပြောနည်း ၈၅
၂၉။ တန်ဆာဆင်ခြင်း အသောအရွှန်းဥပမာများ ၉၃

mgyoe.com

mgyoe.com

## အပိုင်း (၈)


၃၀။ ကိုယ်ပိုင်မှု ပြောပုံပြောနည်း ၁၀၅
၃၁။ အမြန်ပြောခြင်း ၁၀၆
၃၂။ ဟာန်လုပ်အပြော ၁၀၆
၃၃။ ဒေါ်နဲ့မောနဲ့ ၁၀၇
၃၄။ ကျွန်တော် ၁၀၇
၃၅။ တစ်သံတည်း စင်းစင်းကြီး ၁၀၈
၃၆။ စာစကား ၁၀၈
၃၇။ ရှေ့နေကဲ့သို့ ၁၀၈
၃၈။ ရာဇဝင်တွင်အောင်ပြောနည်း ၁၀၉
၃၉။ တိုတိုတောင်းတောင်း ၁၀၉
၄၀။ ဒါရိုက်တာဘုတ်အဖွဲ့နှင့် ကုန်သည်ကဲ့သို့ ၁၁၀
၄၁။ လွှမ်းအောင်ဆွဲအောင် ၁၁၀
၄၂။ မခံချင်အောင် သွေးထိုးနှိုးဆွပြော ၁၁၀
၄၃။ ပေါ့ပျက်ပျက်နဲ့ ရယ်စရာ ၁၁၁
၄၄။ ပြောနည်းသဘောအချုပ်မှာ ၁၁၁


## အပိုင်း (၉)


၄၅။ လူထုပရိသတ်အခမ်းအနား အထားအသို ၁၁၅


❖

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အပိုင်း (၁)

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## ၁ အပြောကောင်းခြင်း

အပြောကောင်းခြင်း၏ အင်္ဂါများကား–

နှုတ်လျှင်ခြင်း၊
စိတ်ဝင်စားခြင်း၊
အသောပါခြင်း၊
အတွေ့အကြုံများခြင်း၊
သရုပ်ထင်အောင် ပြောတတ်ခြင်း၊
ပုံသက်သေ တင်ပြခြင်း၊
နည်းစနစ်ကောင်းခြင်း၊
အသံအနိမ့်အမြင့်နှင့် ကောင်းခြင်း
ပြတ်သားခြင်း၊
လက်ဟန်ကိုယ်ဟန်ကောင်းခြင်း၊
စဉ်းစားဆင်ခြင်ဉာဏ်ရှိခြင်း၊
အမူအရာ ကြွယ်ခြင်း၊
ပင်ကိုဉာဏ်ကောင်းခြင်း၊

စသော ဤအင်္ဂါများ ဖြစ်ကြလေသည်။

mgyoe.com

mgyoe.com

ပြောဟောခြင်းအလုပ်ကို စ၍လုပ်သူမှန်သမျှ ပထမ၌ လူရယ်ဖွယ်ရာ ဖြစ်မြဲပေ။ ဒစ်စရယ်လီသည် စကားမဆုံးမီ ရပ်၏။ ရင်ကူရန်ခေါ် ပုဂ္ဂိုလ်လည်း ထို့အတူ၊ ရှယ်မိုဒန်ခေါ် ပုဂ္ဂိုလ်လည်း အလားတူ။ မလျှော့သောစိတ်ဖြင့် နောင်ဆက်ခါ ကြိုးစားကြသောကြောင့် ထိုပုဂ္ဂိုလ်သည် ရာဇဝင်၌ ကျော်ကြားသော အပြောကောင်း ပုဂ္ဂိုလ်များအဖြစ်သို့ ရောက်ကြလေသည်။

ပထမ ရေကူးသင်စ၌ ရေနစ်ရ၏။

ဘိုင်စကယ် အစီးသင်စ၌ ခြေသလုံး ပွန်းပဲ့၏။

ပထမ လက်ဝှေ့ထိုးသူမှန်က နှာခေါင်းမှ သွေးထွက်ရလေသည်။

အပြောကောင်းသူတို့သည် ဝမ်းတွင်းပါဖြစ်ကြသည်ဟု ဆိုကြ၏။ ထိုစကားမှန်၏။ သို့သော်လည်း ဝမ်းတွင်းပါမဟုတ်ဘဲလျက် လေ့ကျင့် သင်ကြားကလည်း ဖြစ်နိုင်လေသည်။ ဝမ်းတွင်းပါသူများသည် အပြောအတတ်ကို လေ့ကျင့်သင်ကြားရာ၌ ပိုမိုလျင်မြန်စွာ တတ်ကြပေလိမ့်မည်။ ဝမ်းတွင်းပါမဟုတ်သူကား အနည်းငယ် အချိန်ပို၍ လေ့ကျင့်သင်ကြားပေရမည်။ မတတ်နိုင်ဟူ၍ကား မမှတ်အပ်ပေ။

ဒီမွန်စထိနိစ်ခေါ် ရာဇဝင်၌ အကျော်ဆုံးသော အဟောကောင်း ပုဂ္ဂိုလ်ကြီးသည် ထစ်သူဖြစ်၏။ အပြောကောင်းဖြစ်ဖို့ရန်အတွက် ခက်ခဲစွာ လေ့ကျင့်ရင်း မလျှော့သောလုံ့လ၏အစွမ်းကြောင့် ကမ္ဘာ့ရာဇဝင်မှာ ၎င်း၏နာမည်သည် အကျော်ဆုံးဖြစ်ခဲ့လေသည်။ ဝမ်းတွင်းပါ ဉာဏ်ကြီးသူအစစ်၊ တစ်ခုခု၌ ထူးချွန်သူတို့မှာ သင်ဖို့မလိုဟု ပြောကြ၏။ ထိုစကားသည် အမှားဖြစ်၏။ ဂီတအရာ၌ ထူးချွန်သောသူသည် ဇာတိဉာဏ်အတိုင်းပင် ဖြစ်သော်လည်း ဂီတပညာ၏ အရင်းအမြစ် အခြေခံဖြစ်သောနည်းကို သင်ကြားရလေသည်။

တားနားသည် ပန်းချီအရာ၌ လူချွန်ဖြစ်၏။ သို့သော်လည်း ပန်းချီအတတ်ကိုသင်ပြီးမှ ရေးနိုင်လေသည်။ ဇာတိပါ ပုဂ္ဂိုလ်ထူးများ

mgyoe.com

mgyoe.com

သည် အခြေခံမဟုတ်။ မိမိတို့နှင့်နီးစပ်သော အတတ်ပညာတစ်ခုခုကို နှစ်ပေါင်းများစွာ လေ့ကျင့်သင်ကြားရသူများဖြစ်ကြ၏။ မလေ့မကျင့် မသင်မကြားက မချွန်နိုင်၊ မထူးနိုင်။ သင်ကြားလေ့ကျင့်ရာ၌ကား မည်သူမဆို မတတ်နိုင်ဟူ၍ မရှိပေ။ ထူးချွန်သူများ လေ့ကျင့်သင်ကြား၍ နေသည်ကို မည်သူမှမမြင်၊ မသိ၊ တတ်မြောက်ကျော်ကြားမှသာ သိကြရလေသည်။ လိုရင်းအချက်မှာ ပထမ မအောင်၊ မမြင် အထမမြောက်ခြင်းကြောင့် ငါကား ဖြစ်မည်မဟုတ်ဟူသောစိတ်ကို မထားအပ်ခြင်းဖြစ်လေသည်။ ထိုအချက်ကို စိတ်၌ ခိုင်မြဲစွာထားရမည်။ ငါ လေ့ကျင့်လျှင် ဧကန်အမှန် ယခုထက်ပို၍ အပြောကောင်းရမည်ဟု ယုံကြည်ဖို့သာ လိုလေသည်။

စိတ်ပျက်ခြင်း မရှိစေရ။ ကိုးစားယုံကြည်ခြင်းသာ ရှိရမည်။ ပရိသတ်ကို မြင်သည့်အခါ ကြောက်ရွံ့သောစိတ် ပေါ်လာတတ်၏။ ထိုအခါ ထိုကြောက်စိတ်ကို ဖျောက်ဖျက်ရမည်။ ဤနေရာ ဤအခါသည် ငါ၏ အစွမ်းသတ္တိကို တိုးတက်အောင် ကူညီဖန်တီးသော နေရာဟူသော စိတ်ကို ဆောင်ရမည်။

ထိုအခါမျိုး၌ ကြောက်စိတ်ရှိမြဲဖြစ်၏။ ကြောက်စိတ်သည် အစွဲဖြစ်၏။ အစွဲကို မည်သူမှ ဖျောက်၍မရပေ။ သို့သော်လည်း ကြောက်စိတ်သည် အကူအညီတစ်မျိုးဖြစ်၏။ သတိနှင့် လုံ့လသည် ဤကြောက်စိတ်မှ ထွက်ပေါ်နိုင်လေသည်။

ကြောက်စိတ်သည် ရောဂါတစ်မျိုးဖြစ်၏။ ထိုရောဂါသည် ကိုယ်ခန္ဓာနှင့် သက်ဆိုင်၏။

*ဒူးဆစ်မခိုင် လှုပ်ရှားချင်၏။ ခံတွင်းအာခေါင် သွေ့ခြောက်၏။ နှလုံးခုန်၏။ ရင်ထဲ၌ တစ်နည်းနည်းအားဖြင့် မသက်သာဖြစ်တတ်လေသည်။*

ဤလက္ခဏာများသည် အဆန်းအပြားမဟုတ်။ ကြောက်စိတ်မှ

mgyoe.com

mgyoe.com

ပေါ်မြဲဖြစ်သော ကိုယ်ခန္ဓာ၌ ဖြစ်ပေါ်လာသည့် လက္ခဏာများဖြစ်ကြ လေရာ ကိုယ်ခန္ဓာ၌ ဖြစ်ပေါ်သော ရောဂါတစ်မျိုးပင် ဖြစ်လေသည်။

*စစ်သားအသစ်မှန်သမျှ ပထမတိုက်ပွဲ၌ ထိုကဲ့သို့ဖြစ်၏။ စစ်ပွဲ တစ်ပွဲလောက် တိုက်မိသောအခါ၌ ထိုဝေဒနာတို့ကို နိုင်နင်း၍ လာ၏။ လေ့ကျင့်ခြင်း၏အစွမ်းဖြင့် စိတ်သည် ခိုင်မာ၍လာလေ ၏။*

ပရိသတ်ကို ကြောက်ခြင်းသည် မိမိ၏ကိုယ်ဟန်အမူအရာ စသည်တို့၌ အနေအထားမကျခြင်း၊ ခွကျသကဲ့သို့ ရှိနေခြင်းကို သေ ချာစွာသိသော အသိစိတ်မှ ထွက်ပေါ်၏။ ထိုခွကျခြင်းသည် အမှန် ရှိ၏။ စိတ်အထင်မဟုတ်ပေ။

*အဘယ်ပုံ မတ်တတ်ရပ်ရမည်၊ လက်ကို အဘယ်ပုံအသုံးပြုရ မည်၊ အသက်ကို ဘယ်ပုံရှူရမည်၊ အသံကို အဘယ်ပုံထုတ်ယူရ မည်ဟူ၍။*

အစဉ် မည်သူမှ မသိကြပေ။

ဤအရာများနှင့် ပတ်သက်၍ နည်းလမ်းကိုသိသောအခါ၌ အနေအထားမကျ၊ (ဝါ)ခွကျခြင်းသည် အလိုအလျောက် ပျောက်ကွယ် ၍သွားလိမ့်မည်။ အကြောင်းမူကား ထိုအခါ၌ ကျင်လည်ပြီးအဖြစ်သို့ ရောက်၏။ ကျင်လည်ပြီးသောအခါ၌ မိမိ၏အစွမ်းသတ္တိကို မိမိသိ၍ လာ၏။ ထိုကဲ့သို့သောအခါ ကြောက်စိတ်ဝင်ဖို့ရန် နည်းလမ်းမရှိတော့ ပေ။ အကြောင်းမူကား နည်းလမ်းကိုသိပြီးဖြစ်လေသည်။

သို့သော်လည်း ပရိသတ်ကိုကြောက်သောစိတ်မဟုတ်ပေ။ အဘယ် နည်း၊ အဘယ်ပုံလုပ်လျှင်ထိုစိတ်ပျောက်လိမ့်မည်ဟူသောနည်းမရှိပေ။

ပရိသတ်ကိုကြောက်ခြင်းသည် ငါ မပြောတတ်၊ မဟောတတ်ဟူ သော အသိစိတ်မှ ထွက်ပေါ်၏။ ဤကား သဘာဝတရားမရှိက မိုက်ရူး ရဲသူတွေ ပြောချင်တိုင်း ဟောချင်တိုင်း ဟောကြပေလိမ့်မည်။ နား

mgyoe.com

mgyoe.com

ထောင်ရသူများမှာလည်း ဒုက္ခကြီးဖြစ်ချေမည်။

ပရိသတ်ကို ကြောက်ခြင်းသည် စိတ်နှင့်လည်းဆိုင်၏။ အကြောင်းမူကား ကိုယ်အမူအရာ အနေအထားမကျသလို စိတ်အမူအရာမှာလည်း အနေအထားမကျဘဲ ရှိနေလေသည်။ ထိုအကြောက်သည် စိတ်နှင့်ဆိုင်၏။ အကြောင်းမူကား အသစ်ဖြစ်သော အလုပ်ဟူသမျှသည် အနည်းအများအားဖြင့် စိတ်ကို လှုပ်ရှားစမြဲ ဖြစ်လေသည်။

ရှေးဦးပထမ၌ ပြောသောစကားလုံးဟူသမျှကိုလည်းကောင်း၊ စကားအပိုဒ်ဟူသမျှကိုလည်းကောင်း၊ မိမိရရပြော၏။ လူပေါင်းများစွာတို့၏မျက်လုံးပေါင်းများစွာတို့သည် မိမိကို စူးစိုက်၍နေကြောင်း သတိထား၍နေ၏။ ပြောသောအသံကို လွန်စွာကျယ်သည်ဟုမှတ်ထင်ကာ မိမိ၏အသံကိုပင် မိမိပြန်၍ ကျယ်သလိုလိုဖြစ်တတ်၏။ ငါ့အသံဟာ ငါ့အသံမှဟုတ်ပါ့မလားဟူ၍ပင် တွေးလေသည်။ စကားတစ်ပိုဒ်နှင့် တစ်ပိုဒ်စပ်ကြား၌ကား အတိုင်းမသိ ဆိတ်ငြိမ်၍နေသည်ဟု မှတ်ထင်၏။ ငါ့စကားဟုတ်ရဲ့လားဟုတွေး၏။ အနည်းငယ် ချွတ်ချော်တိမ်းပါးက မှန်၍သွားတော့မလို ဖြစ်တတ်လေသည်။ ထိုအခါ စိတ်ထဲ၌မနေတတ် မထိုင်တတ်ဖြစ်၍နေတတ်သည်။

လေ့ကျင့်သင်ကြား၍ ခြောက်လလောက် ကြာသောအခါ ထိုအဖြစ်မျိုး တွေ့ရှိတော့မည်မဟုတ်ပေ။ အကြောင်းမူကား ပရိသတ်ရှေ့မှာ ပြောရခြင်းအလုပ်သည် မိမိရရမဟုတ်။ အလိုလိုကဲ့သို့လည်းကောင်း၊

*စကားပြောစက်ကဲ့သို့လည်းကောင်း ဖြစ်လာလိမ့်မည်။ ထိုစကားပြောစက်၏ စက်ဆရာကား အခြားမဟုတ် ပြောသူ၏အတွင်းစိတ်ဖြစ်၏။ ဘိုင်စကယ်စီးသောစိတ်၊ ရေကူးသောစိတ်ဖြစ်၏။ သိသိရရလုပ်သောစိတ်၊ သိသိရရပြောသောစိတ်ကား အပြင်စိတ်*

mgyoe.com

mgyoe.com

*ဖြစ်၏။ ထိုစိတ်သည် ဘိုင်စကယ်အစီးသင်သောစိတ်၊ ရေကူးသင်စိတ်ပင် ဖြစ်လေသည်။*

ထိုနည်းသည် အတတ်ဟူသမျှနှင့်ဆိုင်၏။ ပြောဟောခြင်းအတတ်သည် ချက်ချင်းမဟုတ်ပေ။ မည်သူမဆို ဘိုင်စကယ် ရေကူးသင်လျှင် တတ်ရသလို အပြောအဟောအတတ်ကို သင်လျှင် တတ်၏။ ဘိုင်စကယ်ရေကူးကို မသင်က မည်သူမှ မတတ်သကဲ့သို့ အပြောအဟောကိုလည်း မသင်မလေ့က မည်သူမျှ တတ်မှာမဟုတ်ချေ။

မြန်မာစကားသည် အင်္ဂလိပ်စကားနှင့်မတူချေ။ အင်္ဂလိပ်မှစ၍ ဥရောပစကားများမှာ ရေးသောစာနှင့် ပြောသောစကားများစွာ မခြားနားပေ။ အရပ်ထဲမှာပြောရာ၌ပင် စာတတ်သူမှန်က ရေးသကဲ့သို့ပြော၏။ သို့ဖြစ်သောကြောင့် အင်္ဂလိပ်လူမျိုးများသည် တစ်စုံတစ်ယောက်စာတတ်သည် မတတ်သည်ကို စကားအနည်းငယ်ပြောသဖြင့် သိနိုင်သည်။ စာမတတ်သောအင်္ဂလိပ်သည် စကားကို သဒ္ဒါနည်းကျစွာအပြောတတ်၏။ အင်္ဂလိပ်မှာ ရေးရာ၌သာမဟုတ်၊ ပြောရာ၌လည်း သဒ္ဒါနည်းကျရလေသည်။

မြန်မာစကားမှာကား အရေးတစ်မျိုး၊ အပြောတစ်မျိုးဖြစ်လေရာ စာမတတ်သော်လည်း အပြောတတ်ကြ၏။ စာမတတ်သောသူအချို့သည် စာတတ်သူများထက်ပင် စကားအပြောကောင်းတတ်ကြလေသည်။

သို့သော်လည်း ပရိသတ်အလယ်၌ကား အရပ်စကားကိုချည်း သုံး၍မဖြစ်။ စာစကားကိုချည်း သုံးရမည်မှာလည်း မလွယ်ကူလှပေ။ သည်လည်း ညသတ်။ ၍၊ ၌၊ ၏၊ လေ၏။ ဖြစ်ရကား၊ ရှိလေသော်၊ ဖြစ်လေသည်။ ဖြစ်သည်၊ လေကုန်သည်ဟူသော စာသံများသည် ပရိသတ်ရယ်ဖွယ် ဖြစ်ပေလိမ့်မည်။ သို့ဖြစ်လေရာ လူရယ်ဖွယ်မဖြစ်စေဘဲ ပြတ်သားသောစကားကို သုံးသင့်သည့်အခါ သင့်လျော်စွာသုံးရာ၏။ အရပ်စကားသုံးသင့်သည့်အခါ သုံးရလေသည်။

mgyoe.com

mgyoe.com

*ဥပမာ အဲဒီတော့၊ နို့ပြီးတော့လဲ၊ အင်မတန် ခက်တာကလား၊ ဤလိုစကားမျိုးများမှာ စာစကားမဟုတ် အရပ်စကားမျှဖြစ်သော် လည်း မသေးနုတ်လှသဖြင့် သုံးနိုင်လေသည်။*

သို့ဖြစ်လေရာ သတင်းစာတစ်စောင်၌ သတင်းတစ်ခုခုကိုလည်း ကောင်း၊ အကြောင်းတစ်ခုခုကိုလည်းကောင်း၊ ပရိသတ်ရှေ့၌ အဘယ် နည်း အဘယ်ပုံ ပြောကောင်းမည်ကို လေ့ကျင့်စမ်းသပ်ခြင်းကို စာဖြင့် ရေး၍ နှုတ်ဖြင့် အသံကျယ်စွာ ပြော၍ကြည့်ခြင်းဖြစ်သော်လည်းကောင်း လေ့ကျင့်ရမည်။ ပမာ ...

"ဘင်္ဂလားနယ် ရခိုင်–ဗုဒ္ဓဘာသာအသင်းကြီး၏ ၂ ကြိမ်မြောက် အစည်းအဝေးကြီးကို ကဆုန်လဆန်း ၁၂ ရက်နေ့ တလောင်းဈေးမြို့ အဂ္ဂမောဆရာတော်ဘုရားကျောင်း၌ ကျင်းပရာ ၎င်းမြို့ရှိ ရဟန်းတော် များ၊ လူကြီးလူကောင်းများ ၂၀၀၀ ကျော်ခန့် ကြွရောက်ကြကြောင်း"

၎င်းစာပိုဒ်အတိုင်း ပရိသတ်များကို ဟောပြောရလျှင် ပင်ပန်းမည့် ပြင်၊ နားထောင်၍လည်း ကောင်းမည်မဟုတ်ပေ။ သို့ဖြစ်လေရာ ရှေးဦး ပထမ အောက်ပါအတိုင်းပြင်ရမည်။

*"ဘင်္ဂလားနယ် ရခိုင်–ဗုဒ္ဓဘာသာ အသင်းကြီးဟာ ကဆုန် လဆန်း ၁၂ ရက်နေ့မှာ ဒုတိယမြောက် အစည်းအဝေးကြီးကို ပြုတယ်လို့ သတင်းကြားရတယ်။ အဲဒီအစည်းအဝေးကြီးမှာ ရဟန်းရှောလှူပါ မြို့ထဲကရော၊ တောလက်ကျေးရွာများကရော။ လူကြီးလူကောင်းပရိသတ် ၂၀၀၀ ကျော် ကြွရောက်ကြသတဲ့။ အားတက်စရာကြီးပေပဲ။ (ဝါ) အလွန်အားတက်စရာကောင်းပေ တယ်။ (ဝါ) တော်ကြပေတယ်။*

ဤကဲ့သို့ ပြုပြင်လိုက်သောအခါ စာသံ၏ တောင့်တင်းကျပ်တည်း ခြင်းမှာ စကားသံဖြင့် ပြေပြစ်ပျောင်းပျော့ခြင်းအဖြစ်သို့ ရောက်လေသည်။

သို့သော်လည်း လူတစ်ယောက်မှာ လေပေးလေယူ စကားအသုံး

mgyoe.com

mgyoe.com

အနှုန်း တစ်မျိုးစီရှိ၏။ အပြောအဟောကောင်းသူ ရဟန်းဖြစ်စေ၊ လူဖြစ်စေ၊ ဟောသည့်အခါများ၌ သွားရောက်နားထောင်ကာ ၎င်းတို့၏လေပေးလေယူအမျိုးမျိုးတို့ကို မှတ်သားအတုယူရမည်။ ထိုအခါ မိမိကိုယ်ပိုင်နည်းနှင့်ဖြည့်လိုက်သောအခါ မည်သူ၏နည်းဟူ၍မျှ မပြောနိုင်အောင် တစ်မျိုးတစ်မည်ဖြစ်လာလိမ့်မည်။ ကျော်စောသော ပုဂ္ဂိုလ်တစ်ယောက်ယောက်၏ တစ်နည်းကောင်းကိုကား တုပခြင်းမပြုအပ်ပေ။ လယ်တီဆရာတော်ကြီး၏တပည့်များသည် လယ်တီဆရာတော်ကြီး၏ပြောနည်းကို ကြားနေကျဖြစ်သဖြင့် လယ်တီသံ အထွက်များကြလေသည်။

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ခန့်အခါက ကျွန်ုပ်သည် မောင်ပဉ္စင်းအဖြစ်နှင့် အာနန္ဒာမိထေးယျကိုယ်တော်နှင့် ဦးဗျားတောရပ်မှာနေခဲ့၏။ တစ်ရံသောအခါ၌ မန္တလေးမိးရထားလမ်း မြို့ငယ်တစ်ခုမှာ ဆင်ပွဲစားတစ်ယောက်က လာ၍ဖိတ်သဖြင့် ယခု ရန်ကုန်မြို့၌ဘုန်းကြီးဖြစ်၍နေသော မစ္စတာမက်ကက်ဂနီး၊ ဒေါက်တာရော့စ်၊ အာနန္ဒာမိထေးယျ၊ လယ်တီ ဦးဝါယမခေါ် ကွယ်လွန်သူဦးမြို့နှင့် သွားကြရာ ထိုမြို့၌ တစ်လှည့်စီ တရားဟောကြ၏။

အာနန္ဒာမိထေးယျကိုယ်တော်က ပထမဟော၏။ ကျွန်ုပ်ကား လယ်တီဆရာတော်ကြီးထံ၌ တစ်ဝါနေခဲ့ဖူးသဖြင့် ဆရာတော်ဟောဖူးသော သရဏဂုဏ်သုံးပါးအကြောင်း ဟောမည်ဟုစိတ်ကူး၍ထား၏။ အာနန္ဒာမိထေးယျကိုယ်တော်ဟောပြီးနောက် ဦးဝါယမကထ၍ဟောရာ ကျွန်ုပ်ကြံစည်ထားသော တရားပင်ဖြစ်၍နေလေသည်။ ထိုတရားမှာ လယ်တီဆရာတော်ဘုရားကြီးဟောသောတရားကို ဓာတ်စက်နှင့်ခံယူ၍ထားပြီး ဖွင့်ထုတ်သည့်အလား၊ အသံရော၊ စကားရော၊ လေပေးလေယူရော၊ အသောရော၊ ဆရာတော်ကြီးနှင့် ထပ်တူဖြစ်၍နေလေသည်။ ဦးမြို့၏ ထူးခြားချက်ကား တစ်ခုသာရှိ၏။ ထိုတစ်ခုကား ဆရာတော်ကြီးဟောသည်ထက် ပိုမို၍ပွဲကျသဖြင့် ပရိသတ်များ တအုန်းအုန်းဖြစ်

mgyoe.com

mgyoe.com

၍ နေခြင်းဖြစ်လေသည်။ ထိုအခါ ငါက ဦး၍ တရားဟောမိလျှင် သူ့ထက်ပွဲကျမှာပဲဟု တွေးမိ၏။ သူ့လိုကောင်း၍ ပွဲကျမှာကို ကျွန်ုပ် မဆိုလို၊ ခွကျသဖြင့် ဝိုင်းပြီးရယ်ကြမည့် ပွဲကျနည်းဖြစ်လေသည်။ ထို အခါ ဟောစရာတရားမရှိသဖြင့် အလှည့်ကျသောအခါ ဟောဖို့ရန် တရားပါ၍မလာကြောင်းနှင့် တောင်းပန်ရလေသည်။

ဤကား တရားနာနေကျသဖြင့် တရားရခြင်းတစ်မျိုး ဖြစ်လေရာ ထိုနည်းဖြင့်ရပြီးနောက် ဦးဝါယမလုပ်သကဲ့သို့ ထပ်တူမလိုက်ဘဲ ကိုယ် ပိုင်နည်းကို သွင်းချေက ပိုမို၍ကောင်းပေလိမ့်မည်။ အကြောင်းမူကား အတုသည် အဘယ်လောက်ပင် တူစေကာမူ အစစ်မဟုတ်ပေ။

ရှေးအခါ ဘမ်းပရုတ်ဆီတွေပေါ်စက ဦးသိန်းမောင်၏ တြိရတန ဘမ်းသည် အကျော်ဆုံးဖြစ်လေသည်။ အဘယ်မျှလောက် စွမ်းသည် ကိုကား မသိရပေ။ ဦးသိန်းမောင်၏ဘမ်းက အရောင်ဘယ်လို၊ အနံ့ ဘယ်လို၊ အသားက ဘယ်သို့၊ အပူက ဘယ်ညာ စသည်ဖြင့် ကြံစည် စမ်းသပ် တုပကြလေသည်။ ၎င်းဘမ်းနှင့် အသွေးအရောင် အနံ့အပူ မတူလျှင် ဘမ်းပရုတ်ဆီမဟုတ်သကဲ့သို့ ဖြစ်၏။ တုသူဟူသမျှ အကုန် ပျောက်ကွယ်၍ သွားကြ၏။ ထိုအတွင်း ဒေါက်တိုမြက မည်သူ့ကိုမှ မတုဘဲ နီနီရဲရဲ ပုလင်းပြားပြားကြီးနှင့် ထုတ်လိုက်ရာ တစ်ပြည်လုံးမှာ ဗိုလ်စွဲ၍သွားလေသည်။

သို့အတွက် တုပခြင်းသည် အဘယ်အခါမှ အစစ်အမှန်မဖြစ် နိုင်၍ ထင်ရှားကျော်ကြားမည်လည်း မဟုတ်ပေ။ လုံးလုံးမတုဘဲလည်း မနေကောင်းပေ။ သို့ဖြစ်လေရာ မတူလျှင်မတုနှင့်ဟူသော စကားအစား၊ မတူအောင်တုဟုဆိုခြင်းဖြစ်၏။ မတူအောင်တုလျှင် အဘယ်မှာလျှင် ကိုယ်ပိုင်ဖြစ်ပါတော့မည်နည်း။ ဦးဝါယမသည် ထိုတရားမှာ လယ်တီ ဆရာတော်၏တရားနှင့်တူအောင် ဟောနိုင်သော်လည်း လယ်တီဆရာ တော်ဘုရားဟောသော မိမိမနာရဖူးသော အခြားတရားတစ်ခုခုကိုကား

mgyoe.com

mgyoe.com

လယ်တီဆရာတော်ကြီးနှင့်တူအောင် ဟောနိုင်မည်မဟုတ်ပေ။ စာတ်စက်သည် အဘယ်မျှမြည်သော်လည်း စာတ်စက်ကား မကျော်ကြား၊ မူလဆိုသူ၏ ဂုဏ်သတင်းသာ ကျော်ကြားလိမ့်မည်။

ကိုယ်ပိုင်လေ့ကျင့်ခြင်းကား အထက်ပါဖော်ပြခဲ့သည့်အတိုင်း စာများကိုဖတ်ကာ စကားစာ (ဝါ) စာစကားဖြစ်အောင် ရေး၍သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း ပြော၍ပြခြင်းဖြစ်လေသည်။

ကျောင်းများ၌ ဖတ်စာများကိုဖတ်ပြီး အဓိပ္ပာယ်ကို နှုတ်ဖြင့်ပြောရသော သင်နည်းသည်လည်း ဟောပြောရန် လေ့ကျင့်နည်းတစ်မျိုးဖြစ်လေသည်။

ပရိသတ်များသည် သဘောကျလွယ်သူများဖြစ်ကြလေသည်။ ငယ်ရွယ်သောသူများသည် ဆရာဟောပြောရာ၌ ပရိသတ်ကိုမြင်သည့်အခါ မနေတတ် မထိုင်တတ် ဖြစ်တတ်လေသည်။ ငါ့ကို ဘယ်လိုများသဘောရကြမလဲ အပြစ်များရှာမလားဟု တွေး၍ကြောက်ကြလေသည်။ မိမိအပေါ်၌ ကြည်ဖြူစွာသဘောမထား မိမိကို ရှုတ်ချကြမည်လားဟူ၍လည်း တွေးတတ်ကြလေသည်။ အမှန်မှာကား ပရိသတ်ကိုသဘောကျအောင်လုပ်ခြင်းသည် လွယ်ကူသောအလုပ်ဖြစ်လေသည်။ ပရိသတ်သည် နားထောင်ချင်သောစိတ်နှင့်လာ၏။ အပျင်းပြေချင်သောစိတ်၊ တရားနာလိုသောစိတ်၊ ဟောသူကိုအထင်ကြီးသော စိတ်နှင့်လာသူများ ဖြစ်ကြလေသည်။ အလွန်တရာ ငြီးငွေ့ဖွယ်ကောင်းသောစကားများကို နာရီဝက် တစ်နာရီ သည်းခံ၍ နာလေ့ရှိကြလေသည်။ တစ်နာရီလုံးမှာ မှတ်သားဖွယ်ရာစကားကောင်းကလေးတစ်လုံးဖြစ်စေ၊ ရယ်စရာကလေးတစ်ခွန်းဖြစ်စေ ကြားရလျှင် အများကြီးစိတ်ကျေနပ်လျက် နက်ဖြန်ခါ တစ်စုံတစ်ယောက်အား ပြောပြလိုသောစိတ်နှင့် ပြန်ကြလိမ့်မည်။

*အပြောကောင်းခြင်းကို မည်သူမဆို သဘောကျ၏။*

*အပြောကောင်းသူကို မည်သူမဆို နှစ်လို၏။ သို့ဖြစ်၍ အပြော*

mgyoe.com

mgyoe.com

*ကောင်းသူတို့၏ဂုဏ်ကို အထူးမြင့်လိုသောစိတ် ရှိကြလေသည်။*

အများဆုံးသော တိုင်းပြည်များတို့၌ ကြီးမြင့်သောရာထူးများကို ယူကာ တိုင်းပြည်ကို အုပ်ချုပ်၍နေသူများသည် စကား၏အစွမ်းကြောင့် ထိုကြီးမြင့်သော နေရာများကိုရ၍ နေကြလေသည်။

## ၂ လုံးလုံးမသုံးနှုန်းသင့်

ပရိသတ်အား အောက်ကျို့တောင်းပန်ခြင်းကို အဘယ်အခါမှ မပြုရပေ။ မိမိကိုယ်ကို အထင်အမြင်သေးအောင် မပြုလေနှင့်။ ပရိသတ် လူကြီးမင်းများ နားငြီးအောင် ကျွန်တော် ကြာကြာကြီး ပြောမည်မဟုတ် ပါဟူသော စကားမျိုးကို အဘယ်အခါမှ မသုံးပါနှင့်။ ကျွန်တော်ပြော မည့်စကားများကို တစ်ဆိတ်သည်းခံ၍ နားထောင်လိမ့်မယ်ဟု ကျွန် တော် မျှော်လင့်ပါတယ်ဟူသော စကားမျိုးနှင့် စ၍မချီရပေ။ ကျွန်တော် စကားပြောဖို့ရန် တင်ကြိုပြင်ဆင်ဖို့ အချိန်မရခဲ့ဖူးဟူ၍လည်း မပြော နှင့်။

စင်စစ်အားဖြင့် တင်ကြိုပြင်ဆင်ခြင်းမပြုဘဲ ပရိသတ်ရှေ့မှာ မည် သူမှ မတ်တတ်ရပ်၍ မပြောအပ်ပေ။ တခ်နုပ္ပတိဉာဏ်ဖြင့် တစ်မုဟုတ် ချင်း ထ၍ပြောခြင်းဟူသော စကား ဖြစ်၏။ ထိုစကားသည် မမှန်သော စကားဖြစ်၏။ မကြာမကြာ ပရိသတ်ရှေ့မှာ စကားတိုရှည်ပြောရသူများ သည် အခိုက်အတန့်အားလျော်စွာ ပြောဖို့ရန် စကားများကို အမြဲအားဖြင့် သေချာစွာ လေ့ကျင့်ထားသူများ ဖြစ်ကြလေသည်။

## ၃ လိုလား၍လာကြသည်

ပြောဟောမည်ဖြစ်သော ပုဂ္ဂိုလ်၏စိတ်ထဲ၌ စွဲမှတ်ယုံကြည်၍ ထားရမည့်အချက်ကား ငါပြောရလျှင် သဘောကျရမည်ဟူသော

mgyoe.com

mgyoe.com

အချက်ဖြစ်လေသည်။

ပရိသတ်သည် အပြစ်ရှာသူမဟုတ်၊ ပြောဟောသူမှန်သမျှ အစဦး၌ ပရိသတ်သည် ငါ့ကို အပြစ်ရှာလိမ့်မည်ဟုတွေးကာ ကြောက်ရွံ့မြဲဖြစ်လေသည်။ စင်စစ်ကား ပရိသတ်သည် လူသာမန်တို့၏ အစုအဝေးဖြစ်၏။ ၎င်းတို့သည် လာရောက်နားထောင်ရခြင်းကို နှစ်သက်လိုလားကြ၏။ နားထောင်ရခြင်းမှာပင် ပျော်ပိုက်၍နေသူများ ဖြစ်ကြလေသည်။

တရားနာလိုသူများကို သဘောကျအောင်ပြုဖို့ရန် လွယ်ရုံသာလွယ်သည်မဟုတ်၊ ၎င်းတို့စိတ်မှာ ဟောသူ၏စကားများ၌ အပြစ်ရှာဖို့ရန် တွေးခေါ်ခြင်းမျှ မရှိပေ။

ရုပ်ရှင်ကြည့်သူသည် ရုပ်ရှင်ကားကို အပြစ်ရှာ၍ကြည့်သကဲ့သို့ တရားနာသူများသည် အပြစ်ရှာလျက်နာကြသည် မဟုတ်ပေ။ ကလေးများ ပွဲကြည့်သကဲ့သို့ ကြည့်ကြလေသည်။ ၎င်းတို့၏စိတ်သည် လွန်စွာရိုးလျက် ပြောဟောသူ၏စကားများကို အဆီးအတားမရှိအောင် ပွင့်လင်းသောစိတ်နှင့် ခံယူကြ၏။ ပြောသောသူအပေါ်၌ များစွာ အထင်ကြီးလေ့ရှိကြလေသည်။

အများမကြိုက်သော ထင်မြင်ချက်မျိုးကို ထားရှိသော ဟောပြောသူကိုပင် လေးစားကရုဏာပြုကာ နားထောင်လေ့ရှိကြလေသည်။ အလွန်တရာ မှားယွင်း၍ အဆီအငေါ်မတည့်သောစကားများပင် ဆိတ်ငြိမ်စွာ နားထောင်တတ်ကြလေသည်။ အကြောင်းမူကား အဘယ်ပုံအဆုံးသတ်မည်ဟူသောစိတ်ကို အမြဲထားရှိကြလေသည်။

သို့ဖြစ်လေရာ ပရိသတ်နှင့် ပတ်သက်ရာ၌ ကြောက်စရာဟူ၍ တစ်စုံတစ်ရာမရှိပေ။ အကြောင်းမူကား ပရိသတ်သည် ပြောဟောသူကို တကယ်တော်သည်ထက် ပိုမို၍လိုလားကြ၏။ နည်းလမ်းကျကျ ကလေး ပြောလျှင်ကား အထူးပြောဖွယ်မရှိ လွန်စွာသဘောကျလျက် ကျေနပ်သွားကြမြဲ ဖြစ်လေသည်။ အကယ်၍ နားထောင်၍ကောင်း

mgyoe.com

mgyoe.com

အောင်သော်လည်းကောင်း၊ အကျိုးရှိအောင်သော်လည်းကောင်း ပြောတတ်ကြချေက အမြဲလိုလားသောစိတ် ရှိကြလေသည်။

## ၄ လေ့ကျင့်နည်းများ

၁။ စကားပြောအတတ်ကို လေ့ကျင့်လိုသူသည် အသင်းများကို ဝင်ရမည်။ ပြောစရာစကား၊ ပေးစရာအကြံများကို ရှာကြံပြင်ဆင်ကာ အသင်းသားများ၏ ရှေ့၌ ထ၍ပြောလေ့ရှိသောအကျင့်ကို ရအောင် လုပ်ကြရမည်။

၂။ သို့မဟုတ်ချေက လူပြတ်လပ်သော လယ်ပြင်၌လည်းကောင်း၊ မြစ်ဆိပ်ကမ်းခြေ၌လည်းကောင်း၊ တစ်ကိုယ်တည်းထိုင်ကာ မိမိ၏ ရှေ့၌ရှိသော ချုံပုတ်များကိုလည်းကောင်း၊ ကျောက်ခဲတုံးများကိုလည်းကောင်း ပရိသတ်ဟု အောက်မေ့ကာ ပြောဟောရမည်။ ဤကား ရူးသွပ်ခြင်းနှင့်တူ၏။ သို့သော်လည်း ရူးမှုထူးသော အလုပ်မျိုးတွေလည်း ရှိကြလေသည်။

၃။ တွေးခေါ်၍ ရှက်ကြောက်တတ်သော စိတ်ကို မိမိ၏သန္တာန်၌ လုံးလုံးကြီး ရှင်းစေရမည်။ မည်သူဖြင့် ငါ့ကို ဘယ်သို့ဘယ်ညာ ထင်မည်။ ရှက်ဖွယ်ရာဟူသော စိတ်မျိုးတွေပေါ်လာတိုင်း ဖျောက်ဖျက်၍ပစ်ရမည်။

၄။ သို့လေ့ကျင့်ရာ၌ လေပေးလေယူ အသံ အမူအရာကို မိမိ မြင်ဖူးကြားဖူးသော အဟောကောင်းပုဂ္ဂိုလ်များနည်းများနှင့် မိမိကိုယ်ပိုင်နည်းများကို ရောစပ်ကာ မည်သူနှင့်မှမတူအောင် ထူးခြားစေရမည်။

၅။ ကိုယ်လုံးပေါ်မှန်ရှိက မှန်ရှေ့၌ရပ်ကာ ကိုယ်ဟန်လက်ဟန် မျက်နှာ ထားပုံများကိုလည်း မှင်သေအောင် ပြုပြင်ရလေသည်။

mgyoe.com

mgyoe.com

၆။ စကားပြောရာ၌ မည်သူမှမဆို အပြစ်အနာကလေးများနှင့် ချွတ်ယွင်းချက်ကလေးများ ရှိမြဲဖြစ်လေသည်။ လေ့ကျင့်ဖန်များသောအခါ ထိုအပြစ်ကလေးများသည် ပပျောက်ရလေသည်။

၇။ ရှေးဦးစွာ ငါးမိနစ်ခန့်ပြောရမည့် အကြောင်းတစ်ခုခုကို စာသံနှင့်စကားသံရောစပ်ကာ ရေးသားပြီး အပြန်ပြန်ဖတ်ခြင်း။ တစ်စုံတစ်ယောက်အား ပြောကြားခြင်းအလေ့ကို လေ့ကျင့်ရမည်။

၈။ မိမိကိုယ်ကို မယုံကြည်သောစိတ်ဟူသမျှ ပပျောက်စေရမည်။ ပြောဟောခြင်းအလုပ်သည် တန်ခိုးအံ့ဖွယ်ရာမဟုတ်။ မည်သူမဆို သင်လျှင်ဖြစ်၏။ အခြားသူများဖြစ်လျှင် ငါဖြစ်ရမည်ဟု ပုံသေမှတ်ပါလေ။

❑

mgyoe.com

mgyoe.com

# အပိုင်း (၂)

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## ၅ နှုတ်သွက်ခြင်း

ပြောဟောခြင်း၌ နှုတ်လျှင်ခြင်း၊ နှုတ်သွက်ခြင်းသည် အခြားအင်္ဂါများထက် ရာခိုင်နှုန်း ၅၀ ပိုဖို့ လိုလေသည်။

လူတစ်ယောက်မှာ အခြားထူးမြတ်သော အင်္ဂါအမျိုးမျိုး တွေ့ရှိနိုင်၏။ သို့သော်လည်း နှုတ်မလျှင်က အဖိုးတန်တွေကို ထုတ်၍မသုံးဘဲ သေတ္တာ၌ သော့ခတ်၍ထားသလို ဖြစ်ပေလိမ့်မည်။

စကားသွားခြင်း တစ်ခုတည်းပင်လျှင် အတော်လုံလောက်၍နေ၏။ စကားသွက်သူမှာ အခြားအနှစ်သာရပင် များစွာမရှိစေကာမူ ပရိသတ်သည် စကားဆောင်ရာသို့ပါ၍သွားကြရ၏။ တောင်ပေါ်မှ ကျဆင်းသော ချောင်းရေကြော၌ အမှိုက်တွေပါသကဲ့သို့တည်း။

အချို့သော အောက်တန်းစားလူများသည် စကားများများပြောခြင်းကို အပြောကောင်းဟု မှတ်ထင်ကြ၏။ ဘာကိုပင် ပြောစေကာမူ အရေးမကြီး၊ စကားဖြစ်လျှင် ဟုတ်သည်ဟု မှတ်ထင်ကြလေသည်။

တောအရပ်များ၌ စကားသွက်သူ စကားများသူကို များစွာရှိသေကြ၏။ လူလိမ္မာ၊ လူသိ၊ လူတတ်၊ လူနပ်၊ လူလည်၊ လူပါး၊ လူတော်၊ လူကောင်း၊ ဆိုရှယ်ကျသူဟူ၍ လောက၌ ပေါက်ရောက်ကြီးပွားမည့်သူ

mgyoe.com

mgyoe.com

ဟု ပုံသေအယူ ရှိကြ၏။ ပြောရေးဆိုရေး ရှိသည်။ နှိုင်းယှဉ်တတ်သော ဉာဏ်ပညာရှိသည်၊ အညံ့စား မဟုတ်ဘူး၊ မခေဘူးဟု ပြောလေ့ရှိကြ၏။

ကျွန်ုပ်တို့သည်ကား အပြောသန်သူ၊ နှုတ်သွက်သန်သူများကို အထင်မကြီး၊ အနှစ်သာရရှိလျှင် ကရားက ရေသွန်သလို မပြောနိုင်ဟု ပုံသေစွဲမှတ်၍ထား၏။ စာကလေးငှက်သည် အသွက်ဆုံးဖြစ်၏။ သို့သော်လည်း ပရိသတ်ရှေ့မှာ ပြောမည့်သူများသည်စကားသွက်ခြင်းကို အခြေခံပြုရပေမည်။

*နှုတ်လျှင်ခြင်းနှင့် ဖီလာဖြစ်သောအရာကား အ,ခြင်းဖြစ်လေသည်။ အ,ခြင်းကား ဆိတ်ခြင်းဖြစ်၏။ သို့ဖြစ်လေရာ ပြောဟောခြင်း အလုပ်ကိုလုပ်မည့် ပုဂ္ဂိုလ်မှာ အ,ခြင်းနှင့် ဖီလာဖြစ်သော နှုတ်လျှင်ခြင်းသည် အထူးအရေးကြီးလေသည်။*

## ၆ စာဖတ်ပြသူ

အချို့သောသူများသည် စကားပြောရာ၌ စကားမပြော၊ စာကို ဖတ်ကြလေသည်။ စာကိုဖတ်ခြင်းသည် စကားပြောခြင်း မဟုတ်ပေ။ မပြောနိုင်က လုံးလုံးမပြောဘဲ နေဖို့သာရှိ၏။ ပရိသတ်အလယ်၌ မတ်တတ်ရပ်ကာ စာဖတ်ပြခြင်းသည် ဟောပြောခြင်း မမည်နိုင်ပေ။

ပရိသတ်များသည် စာဖတ်သူကို အဘယ်အခါမျှ အလိုမရှိကြပေ။ အကယ်၍ မရေးဘဲမနေနိုင်က သံကြိုးစာရေးသကဲ့သို့ရေးပြီး လက်မှာ ကိုင်ထား၍ စကားအဆက်မပြတ်အောင် ပြောဟောရာတွင် တစ်ခါတစ်ခါ ကြည့်နိုင်လေသည်။

## ၇ ဟောပြောရန် ပြင်ဆင်နည်း

မိမိပြောလိုသော အကြောင်းအရာများကို တစ်ပိုဒ်ပြီးတစ်ပိုဒ်

mgyoe.com

အတိုချုပ်ရေးရမည်။ သို့ရေးရာ၌ ပထမအပိုဒ်ဆုံးသောအခါ ဒုတိယ အပိုဒ်ကိုမေ့၍ မနေရအောင် သတိပြုရမည်။ မမေ့အောင်လုပ်နည်းမှာ ပထမအပိုဒ်၏အဆုံး၌ စကားတစ်လုံးဖြစ်စေ၊ အကြောင်းအရာဖြစ်စေ၊ တစ်ခုခုရှိစေရမည်။ ထိုစကားတစ်လုံးသည်လည်းကောင်း၊ အကြောင်း အရာသည်လည်းကောင်း ဒုတိယပြောလိုက်သော အပိုဒ်၌ပါရှိသော အကြောင်းအရာကို သတိရစေသောစကား၊ သတိရစေသော အကြောင်း အရာ ဖြစ်စေရမည်။

ဥပမာ– ရဟန်း၊ ဘုန်းကြီးများ အကြောင်းကို ဟောပြောရာ၌ ပထမအပိုဒ်မှာ ရဟန်းသံဃာတော်များသည် တိုင်းပြည်၌ အဘယ်မျှ လောက် အရေးကြီးကြောင်းကို ပြောပြီးနောက် ရဟန်းတော်များအား လှူဒါန်းခြင်း၏ အကျိုးစီးပွားအကြောင်းကို နောက်တစ်ပိုဒ်၌ ပြော လိုက ...

ပထမအပိုဒ်၌ လှူဒါန်းခြင်းနှင့်ဆိုင်သော စကားတစ်လုံးဖြစ်စေ၊ လှူဒါန်းခြင်းကို စိတ်၌ သတိရစေသာ အကြောင်းအရာဖြစ်စေ ပါရှိစေ ရမည်။

ဥပမာ– ချဲ့ဦးအံ့။ ရဟန်း သံဃာတော်များဟာ သာသနာ၏ ဂုဏ်အရောင်အဝါ၊ သာသနာ၏ ဂုဏ်ကျက်သရေ အထိမ်းအစောင့်များ ဖြစ်ကြပါတယ်။ သည့်ပြင်မှ တစ်ပါးလည်း လူတို့၏ ဆရာများလည်း ဖြစ်ကြပါတယ်။ အဲဒီဆရာများမရှိသော လူမျိုးမှာ အလွန်တရာ ရိုင်း စိုင်းတဲ့အဖြစ်ကို ရောက်ပါလိမ့်မယ်။ အထူးသဖြင့် မြန်မာလူမျိုးတို့မှာ ရဟန်းဆရာတော်များထံမှ အသိပညာ အလိမ္မာကို ရခဲ့ကြပါတယ်။ မြန်မာစကားမှာ "ဆရာကောင်းတပည့်ပါ"ဆိုတဲ့စကားတစ်ခုရှိပါတယ်။ အဲဒီစကားဟာ ဟိုက်စကူးကျောင်းဆရာကို ဆိုလိုတဲ့စကား မဟုတ်ပါ ဘူး။ ကျွေးမွေးပေးကမ်းထားတဲ့ သခင်ကိုဆိုတာလည်း မဟုတ်ပါဘူး။

သို့အတွက် ရဟန်းတော်များကို လူအများက အမြဲပူဇော်ရပါ

mgyoe.com

mgyoe.com

တယ်။ ပူဇော်ရသော ဝတ္တုရားလည်း ရှိပါတယ်။ လူများက ရဟန်းတော်များကို လျှဒါန်းပူဇော်ခြင်း မပြုရင် ရှေးရှေးက အရည်းကြီးများလို ရဟန်းတော်များ ထန်းတက်စားရမှာလား။ ရှေးက ယိုးဒယားဘုန်းကြီးများလို လယ်ထဲဆင်းပြီး အရက်ကိုသောက်ရင်း စပါးရိတ်ကြမှာလား။

ဤနှစ်ပိုဒ်မှာ ဒုတိယအပိုဒ်၌ ရဟန်းတော်များအား လှူဒါန်းခြင်းအကြောင်းကို ပြော၏။ ပထမအပိုဒ်ကို ပြောပြပြီးနောက် ဒုတိယအပိုဒ်မှာ ငါ ဘာများပြောမလို့ စိတ်ကူးထားပါသလဲဟု တွေး၍မနေရအောင် ပထမအပိုဒ်၏အဆုံး၌ သဲလွန်စကလေးပေး၍ထား၏။ ထိုသဲလွန်စကား အခြားမဟုတ် (ကျွေးမွေးပေးကမ်းထားတဲ့ သခင်ကိုဆိုတာလည်း မဟုတ်ပါဘူး)ဟူသော စကားဖြစ်၏။ ထိုစကား၌ 'ပေးကမ်းထားတဲ့' ဟူသော အလုံးသည် အလှူဒါနအကြောင်းကို ပြောဖို့သတိပေးသော အလုံးပင်ဖြစ်လေသည်။

ပြောမည့်စကားများကို အကုန်အစင် ထိုကဲ့သို့ရေးထားပြီး အကြိမ်ကြိမ် သတိနှင့်ဖတ်ရမည်။ အဆက်စကား၊ အတိတ်စကား၊ သဲလွန်စစကားများကို ခဲတံအနီနှင့် အောက်ကဆွဲမှတ်၍ထားရမည်။ အပိုဒ်များကိုလည်း ထို့အတူ ခဲတံအနီနှင့် ထင်ထင်ရှားရှား ဂဏန်းထိုး၍ထားရမည်။ အရေးကြီးသောစကားကိုလည်း မြင်လွယ်အောင် ထို့အတူမှတ်ရမည်။ စကားပြောသည့်အခါ ထိုစာများကို လက်မှာကိုင်၍ ပြောနိုင်၏။ အချိတ်အဆက်မေ့၍နေလျှင် အတိအလင်းကြည့်နိုင်လေသည်။ လက်ဝယ် မိမိပြောမည့်စကားများကို ဆောင်ထားခြင်းသည် မိမိကိုယ်ကို ပို၍စိတ်ချရသောနည်း ဖြစ်လေသည်။ စိတ်ချရခြင်းမှာ သတိဉာဏ်မလစ်ဟင်းရအောင် ကူညီအားပေးသောအစွမ်း ပါရှိလေသည်။

ပြောလိုသည့်အကြောင်းအရာဟူသမျှအတွက် စကားလုံးကြွယ်ဝအောင် မှတ်သားရမည်။ စာကောင်း ပေကောင်းများကို ဖတ်ရာ၌လည်းကောင်း၊ အပြောကောင်းသူတို့ကို နားထောင်ရာ၌လည်းကောင်း၊ အလုံး

mgyoe.com

mgyoe.com

ကောင်း အသံကောင်းများကို အိတ်ဆောင်စာအုပ်ငယ်တစ်ခုဌ် မှတ်သား ထားရမည်။ စကားပုံ၊ ဥပမာ၊ ဥပမေယျများကို ထို့အတူ စုဆောင်းရ မည်။ အားသည့်အခါ ကြည့်ရမည်။

စိတ်နှင့်ဆိုင်သော၊ နက်နဲသိမ်မွေ့သော အကြောင်းအရာများနှင့် ပတ်သက်ရာ၌ မြန်မာဘာသာ စကားမစုံလင်သဖြင့် ပါဠိကိုအသုံးပြုရ ၏။ သို့သော် ပါဠိကို လူတိုင်းနားလည်မည်မဟုတ်သဖြင့် ထိုကဲ့သို့ သော သိမ်မွေ့သောအကြောင်းအရာများအတွက် မည်သူမဆို လွယ်ကူ စွာ နားလည်နိုင်သော မြန်မာစကားရိုးရိုးကို ရှာကြံရမည်။ မရှိလျှင် ကိုယ်ပိုင်ဉာဏ်နှင့် အသစ်ထွင်ရမည်။ ဥပမာ– အနိစ္စကို အင်္ဂလိပ်လို (Impermaenee)ဟုဆို၏။ သို့သော်လည်း ထိုစကားမှာ အတန်ငယ် ကြီးသဖြင့် သူသူငါငါ နားမလည်မှာစိုးသဖြင့် (Passing away-nees)ဟု ထပ်လောင်းဖြည့်စွက်၍ထားသည်များကို တွေ့ဖူးလေသည်။ ထိုစကားသည် အဘိဓာန်၌မရှိသော်လည်း အဓိပ္ပာယ်ကို ယူလွယ်စေ သော စကားဖြစ်လေသည်။

## ၈ ရိုးလွန်းသောစကားများနှင့် စကားမှားများ

ယခုကာလ၌ အသုံးလွဲမှား၍နေသော စကားများကိုလည်း သတိ နှင့် ရှောင်ရမည်။ (ပေါ်လွင်)ဟူသောစကားကို သူသူငါငါ အလွဲအသုံး ပြုနေကြ၏။ အထက်ပါစာပိုဒ်၌ ပေါ်လွင်ဟူသောစကားကို ကျွန်ုပ် ကိုယ်တိုင် အတော်အသုံးပြုချင်ပါလျက် ထိုစကားကိုမသုံးဘဲ ထင်ရှား သိသာလွယ်စေသည်ဟု အပင်ပန်းခံကာ ရှည်ရှည်လျားလျား ရေးရလေ သည်။ ကျွန်ုပ်၏စာဟူသမျှ၌ ထိုစကားကို အဘယ်အခါမှာမျှ အသုံး မပြု။ တမင် သတိနှင့် ရှောင်ရှားခဲ့လေသည်။

ရိုး၍နေသော စကားအဆန်းများကိုလည်း ရှောင်ရမည်။ (ဝမ်းစာ လု)ဟူသောစကားမျိုး၊ ထိုစကားသည် အစ၌ဆန်း၏။ နောက် သူသူငါ

mgyoe.com

mgyoe.com

ငါ အသုံးများသဖြင့် ရိုး၍နေ၏။ သို့အတွက် ရိုး၍နေသောစကားအဆန်းဟု ခေါ်ဆိုခြင်းဖြစ်သည်။

မကြာမီ ယမန်နှစ်လောက်က မြန်မာစာတတ် စာပြင်နှင့် စာရေးဆရာလုပ်သော စာရေးအခေါ်ခံသူ မြန်မာပညာရှိတစ်ယောက်နှင့် စကားပြောဖူး၏။ ထိုအခါ နွေရာသီဖြစ်ရာ ၎င်းပညာရှိကြီးသည် "ကျုပ်တော့ဗျာ တော်တော်စိတ်ညစ်ခဲ့တာပဲ၊ ဒါကြောင့် ခင်ဗျားတို့မြို့ဟာ ရတနာဖုံထူမြို့လို့ ပြောခဲ့ရတယ်"ဟု ကျွန်ုပ်အား ပြောလေသည်။ ၎င်းဆရာကြီး၏စိတ်၌ ထိုစကားကို မိမိအထူးသုံးခဲ့သည်ဟု မှတ်ထင်ပြောပြဟန်တူလေသည်။ ၎င်းစကားပုံမှာ ဘိုးတော်လက်ထက်ကပေါ်သော "ရတနာဖုံထူ နေပူတဲ့မြို့"ဟု ပြောင်းလဲခြင်းကြောင့် ပို၍မဆန်းသည့်အပြင် ခွကျသောစကားပင် ဖြစ်၍နေလေသည်။

တစ်ရံသောအခါ၌လည်း သူရိယသတင်းစာတိုက်၌ မဂ္ဂဇင်းအယ်ဒီတာ၏အခန်းမှာ စကားပြော၍နေခိုက်တွင် မြန်မာပညာရှင်ကြီးတစ်ဦး ဝင်ရောက်ကာ ထည်ထည်ဝါဝါ ဣန္ဒြေရရ စကားလုံးကြီးတစ်လုံးကို ပြော၍သွား၏။ ထိုစကားသည်ကား လွန်စွာရိုး၍နေသည့်ပြင် အတော်ပင် မယဉ်ကျေးသောစကားဖြစ်လေသည်။

၎င်းစကားသည်ကား အခြားမဟုတ်၊ ဝမ်းထဲကို လောက်စာလုံးဝင်သော ငှက်၏အကြောင်းဖြစ်ရာ နင့်ဆေးစွမ်းလို့ကျတာမဟုတ်၊ ငါ့ဟာ ကျယ်လို့ဟူသောစကားဖြစ်ရာ ထိုဆရာကြီးကား ငါ့ဟာဟူ၍ပင် မပြော တစ်တစ်ခွခွပြောလိုက်လေသည်။

'ပုံတိုပတ်စ'ဟူသော စကားတွေများစွာရှိ၏။ အများအားဖြင့် မြန်မာဆရာကြီးများသည် ထိုစကားများကို အဆန်းမှတ်ထင်ဖို့မသင့်ပေ။ ယခုကာလ လူများအပေါ်၌ အထင်အမြင်သေးခြင်းကြောင့် ထိုရိုးသားသော ပုံတိုစကားများကို ပရိသတ်အလယ်၌ အသုံးပြုကြဟန်တူလေသည်။

သို့ဖြစ်လေရာ ရိုး၍နေသော စကားအဆန်းများကို ပြောခြင်းသည်

mgyoe.com

mgyoe.com

အထင်အမြင်သေးခံရတတ်ကြောင်း သတိပြုရမည်။ ကျွန်ုပ်ကား ထို အတိုအထွာများကို လွန်စွာသုံးခဲ၏။ မတော်တဆ ငါ့အရင်သိနေသူတွေ ဖြစ်ချေက ငါ ဘာကောင်ဖြစ်မှာလဲဟု အမြဲတွေး၍ ကြောက်၏။ သို့အတွက် ကိုယ်တိုင်လုပ်ကြံသော ပုံတိုများကိုသာ အသုံးပြုခဲ့လေသည်။ ကိုယ်တိုင်မကြံတတ်က ကြားဖူးနားဝဆိုသည့်စကားကို ရှောင်နိုင်လေလေ စိတ်ချရလေလေ မှတ်ရမည်။

*အင်္ဂလိပ်စာတတ်သူဖြစ်က နက်နဲသော အင်္ဂလိပ်စာများကိုဖတ်ပြီး မြန်မာလိုပြန်၍ကြည့်၊ ပြန်စရာစကားမရှိက မြန်မာပညာရှိများအား သဘောကိုနားလည်နိုင်သမျှ နားလည်အောင်ပြော၍ပြပြီး စကားအသစ်ကို ရှာကြံစေရမည်။*

သတင်းစာများ၊ မဂ္ဂဇင်းများ၌ ဤကဲ့သို့လို၍နေသော စကားများကို ပါဠိမပါစေဘဲ၊ သို့မဟုတ် ပါဠိနည်းနိုင်သမျှနည်းစေ၍ စကားဖြစ်အောင် အခန်းတစ်ခန်းဖွင့်ပြီး တိုင်းပြည်မှ စကားအသစ်ကို တောင်းသင့်ကြလေသည်။ ဥပမာ (The reaction from the film is towards the theatre)ဟူသောစကား၌ Reaction ကို မြန်မာလို ပြန်ပါ။ ဤနည်းမျိုးဖြင့် စကားအသစ် အထွင်အကောင်းဆုံးသောသူ စကားအသစ်အများဆုံးရသူများကို ဆုပေးချေက မြန်မာစကားမှာ ပြည့်ဝစုံလင်၍လာဖို့ ရှိလေသည်။ မြန်မာစကားထက် အင်္ဂလိပ်စကားက များစွာပိုမိုကြွယ်ဝ၍ အဓိပ္ပာယ် လေးလေးနက်နက်ရှိကြောင်း၊ ဘာသာပြန်အလုပ်ကို လုပ်လေ့ရှိသော ကျွန်ုပ်တို့လူများမှာ များစွာအခက်ကြုံခဲ့သဖြင့် သိရ၏။ (အင်္ဂလိပ်စာမတတ်သော ဆရာကြီးများကား ဤစကားကို သဘောကျကြမည်မဟုတ်ပေ။ အဘိဓမ္မာထက် ဘာကပို၍ နက်ဦးမှာလဲဟု ပြောလိမ့်မည်။) (Scientific နှင့် Technical ternit)ခေါ် စကားတွေမရေမတွက်နိုင်အောင်ရှိရာ ၎င်းတို့အတွက် မြန်မာစကားအသစ်လုပ်လျှင် ဦးထွန်းညိမ်း အဘိဓာန်ထက်ကြီးသောစာအုပ်တွေ အတော်များစွာထွက်

mgyoe.com

mgyoe.com

လိမ့်မည်။ ယခုရေးသော အင်္ဂလိပ်စကား နှစ်လုံးအတွက်သော်မှ မြန်မာစကားအသေ အသေအချာတစ်လုံးချင်း မရှိသေးသဖြင့် အင်္ဂလိပ်လိုရေးလိုက်ရ၏။

အင်္ဂလိပ်စကားထက် ပြင်သစ်စကားက ပိုမိုကြွယ်ဝကြောင်း အင်္ဂလိပ်များ ဝန်ခံကြလေသည်။ သို့ဖြစ်၍ ပြင်သစ်ဘာသာမှ အင်္ဂလိပ်သို့ ပြန်ဆိုရေးသားသော စာအုပ်များကိုဖတ်၍ အားမရကြသောကြောင့် ပြင်သစ်စကားကိုသင်၍ ပြင်သစ်မူရင်းကိုဖတ်သော အင်္ဂလိပ်လူမျိုးတွေများစွာရှိကြလေသည်။

ပါပွဝမ်လူမျိုးမှာ စကားအလုံးပေါင်း ၁၅၀ မျှရှိ၏။ သို့အတွက် စကားများ၏ စကားအလုံးနည်းသောအခါ တစ်ခွန်းပြောရမည့်နေရာ၌ စကားအခွန်းပေါင်းများစွာ ပြောရလေသည်။ စိတ်ကူးဉာဏ်လည်းမရှိပေ။ အကြောင်းမူကား စိတ်ကူးခြင်းအလုပ်ကို စကားနှင့်လုပ်ရလေရာ စကားနည်းက စိတ်ကူးဉာဏ်များနိုင်မည်မဟုတ်။ သဘာဝဓမ္မဆရာများလည်း ၎င်းတို့အထဲတွင် ရှိမည်မဟုတ်ပေ။

လူရိုင်းများသည် စကားပြောရာ၌ ဆူညံ၏။ တောင်ပေါ်ကျေးစမ်းလို မှတ်ထင်ရ၏။ ဤကား စကားနည်းသောကြောင့် ရှည်ရှည်လျားလျား ပြောရခြင်းဖြစ်လေသည်။ ထိုနည်းတူစွာ အင်္ဂလိပ်စကားလုံးတစ်လုံးအတွက် မြန်မာစကားလုံးပေါင်းများစွာ စပ်ရသောအကြောင်းအရာတွေကို များစွာတွေ့ဖူးလေသည်။

ဂေါ်ရင်ဂျီကုလားများမှာ စကားအလုံးများမည့် လက္ခဏာမရှိပေ။ အကြောင်းမူကား အလွန်စကားများသူများ ဖြစ်ကြလေသည်။ စာကလေး ဆက်ရက်များမှာလည်း ထိုနည်းအတိုင်းဖြစ်ဟန်တူ၏။ ကရကတ္တူ–ကတ္တူတွေကို များစွာသုံးမှ စာတစ်လုံး စကားတစ်လုံးဖြစ်သောကြောင့် ကြေးနန်းစက်သည် ပိုမိုဆူညံစွာ စကားပြောလေရာ ကြေးနန်းရိုက်သူမှာ များစွာသက်သာပုံမရပေ။ အကြောင်းမူကား စာကလေး

mgyoe.com

mgyoe.com

နှစ်လုံးသုံးလုံးအတွက် ကတ္တုသံတွေ အမြောက်အမြားထွက်ပေါ်လာရလေသည်။

သာမန် အင်္ဂလိပ်အဘိဓာန်များ၌ စကားအလုံးပေါင်း ၆၀,၀၀၀ ခန့်ရှိ၏။ ထိုခြောက်သောင်းမှာ အတတ်ပညာအမျိုးမျိုးနှင့်ဆိုင်သော စကားတွေ မပါဝင်သေးပေ။ အင်္ဂလိပ်လူမျိုးများစွာတို့သည်ကား စကားအနည်းငယ်မျှကိုသာ အသုံးပြုကြလေသည်။ အများအားဖြင့် (Good, Bad, Awful, Nice, Grand)ဟူ၍သာ ပြောကြ၏။ သို့အတွက် ပါပူဝမ် လူမျိုးဘာသာမျှ ရှိကြလေသည်။ သို့သော်လည်း ဟောပြောသော ပုဂ္ဂိုလ်များမှာ ထိုကဲ့သို့မဟုတ်၊ စကားလွန်စွာ ကြွယ်ဝကြလေသည်။ အင်္ဂလိပ်စာတတ် မြန်မာလူမျိုးအချို့သည် စကားပြောရာ၌ အင်္ဂလိပ်လို ညှပ်၍ပြောကြ၏။ ထိုကဲ့သို့ပြောသည်ကို အချို့က ကဲ့ရဲ့ကြ၏။ စင်စစ်အားဖြင့် ကဲ့ရဲ့ဖို့မရှိပေ။ ထိုကဲ့သို့ပြောခြင်းသည် အင်္ဂလိပ်စာတတ်ကြောင်း ပြချင်သောကြောင့်မဟုတ်။ မြန်မာစကားကို လွယ်ကူစွာရှာ၍ မရခြင်းကြောင့် ဖြစ်သည်။ ရှစ်တန်းကိုးတန်းမျှနှင့် အင်္ဂလိပ်စကားကို ရောညှပ်ပြောဆိုသူတို့ကို မဆိုလိုချေ။ အင်္ဂလိပ်စာတတ်သူများသည် စကားပြောရာ၌ ဤကဲ့သို့ အခက်အခဲတွေ့သဖြင့် အင်္ဂလိပ်လိုညှပ်ရသည့်အခါ ထိုအကြောင်းအရာကို မှတ်သားပြီး မြန်မာစကားကိုရအောင် တစ်နည်းနည်းနှင့် ကြံစည်သင့်လေသည်။ ဤကဲ့သို့ အသစ်ထွင်ဖို့ရန် အကြောင်းအရာတွေ များစွာရှိရာ အကယ်၍ ကောင်းစွာအထမြောက်ချေက မြန်မာစကားမှာ အကြီးအကျယ်ပြောင်းလဲ၍သွားဖို့ရှိရာ ရှေးလူကြီးများ သေရာမှ ပြန်လာချေက ဧကန်နားလည်ကြတော့မည်မဟုတ်ပေ။ သို့သော်လည်း ...

*ဘာသာစကားသည် အဘိဓမ္မာတရားမဟုတ်သဖြင့် မပြောင်းလဲဘဲ မနေနိုင်။*

ပြောင်းလဲခြင်းသည် သဘာဝတရားဖြစ်လေသည်။ ပြောင်းလဲ

mgyoe.com

mgyoe.com

ခြင်းကြောင့် ပိုမိုပြည့်လိုက ပြောင်းလဲရမည်။ တိုးတက်ခြင်းကို ပျက်သည်ဟုမဆိုနိုင်၊ ပလိပ်နာဟူသော စကားပေါ်လာခြင်းကြောင့် မြန်မာစကား မပျက်နိုင်။

ရှေးပညာရှိများ ရေးသားသောစကားများ၌ပါရှိသော များစွာသော အသုံးကောင်း၊ အလုံးကောင်းများအနက် ယခုကာလ လူများမသုံးကြသောကြောင့် ကွယ်ထောင့် နစ်မြုပ်၍နေသော စကားကောင်းတွေ မြောက်မြားစွာရှိလေရာ ရှေးစာများကို ရှေးကျမ်းများ၌သာ ကိန်းဝပ်မနေစေဘဲ ထုတ်နုတ်ကာ အသုံးပြုသင့်ကြလေသည်။

တစ်နေ့လျှင် စာကောင်းတစ်မျက်နှာကို ၁၅ မိနစ်လောက် မြန်နိုင်သမျှ မြန်စွာဖတ်ခြင်းသည် နှုတ်လျှာကို လျင်မြန်စေသောနည်းကောင်းတစ်ခု ဖြစ်လေသည်။

စကားပြောရာ၌ စိတ်ကိုဆောင်အားကြီးသဖြင့် ကိုယ်လက်များကိုတင်းတောင့်၍နေသည်ကိုလည်း သတိပြုရမည်။ ကိုယ်လက်တင်းတောင့်က နှုတ်လျှာလည်း တင့်တောင့်၍နေတတ်သည်ကို သတိပြုရမည်။

စကားပြောရာ၌ ပရိသတ် စိတ်ပျော်ရွှင်ပါစေဟု သဘောထား၍ပြောလျှင် ပို၍စကားသွက်၏။ မိမိ၏ တတ်သိနားလည်ကြောင်းပြလိုသဖြင့် သေွ့ခြောက်သောအကြောင်းအရာတွေကို ဆွဲ၍ထည့်က စကားနေး၏။ ဂဏန်းအရေအတွက်နှင့် ဘာက ဘယ်နှစ်ပါး၊ ဘယ်အရာက ဘယ်နှစ်မျိုးဟူသော Statistical ခေါ် နည်းမျိုးသည် သေွ့ခြောက်၍ ငြီးငွေ့ဖွယ်ဖြစ်လေသည်။

စကားပြောရာ၌ ပရိသတ်၏အကဲကိုခတ်ရ၏။ စိတ်နေသဘောထား အခါအခွင့်အခြေအနေကို သိအောင်သတိပြုရလေသည်။ မိမိပြောလိုသော အကြောင်းအရာကိုသာ စိတ်အားထက်သန်စွာ အကြမ်းတိုက်ပြောခြင်းသည် ဟောပြောခြင်းမမည်ပေ။

အာခေါင်ခြောက်လျှင် မပြောမီ ရေကိုသောက်နိုင်၏။ ပြောနေစိုက်

mgyoe.com

mgyoe.com

မှာ ရေမသောက်အပ်ပေ။ စကားအဆက်ကို ပြတ်စေတတ်လေသည်။

*စကားမှာ အဆွဲဓာတ်အားအရှိန်ရှိ၏။ စကားပြတ်က၊ ထိုအားဓာတ်လည်း အားပြတ်လေတော့၏။*

အသံပြာလျှင် ဆားကလေး အနည်းငယ်ဆောင်၍ထား။ စကား မပြောမီ အနည်းငယ် မျိုရမည်။

(စကားသွက်စေသောနည်းသည်) ရိုးရိုးပြောခြင်း ဖြစ်၏။ အိမ်မှာ၊ ကျောင်းမှာ၊ လက်ဖက်ရည်ဆိုင်မှာပြောသလို သဘောထားရမည်။ ခြားနားခြင်းကား အသံကျယ်ခြင်းနှင့် အနည်းငယ် ပိုမိုသတိပြုခြင်းသာဖြစ်လေသည်။ အရပ်ထဲ၌ အသိမိတ်ဆွေများနှင့် ဟိုအကြောင်း ဒီအကြောင်းကို ပြောရာ၌ အလွမ်း၊ အသော၊ အညစုံစွာ ပါဝင်နိုင်၏။

*သမီးရည်းစား စကားပြောရာ၌ လွမ်းအောင်ပြောနိုင်ကြ၏။ ထစ်ခြင်းဆိုင်းခြင်း မရှိပေ။*

ပရိသတ်ရှေ့၌လည်း ဤအတိုင်း သဘောထားချေက ပြောဟောခြင်းအလုပ်မှာ ခက်ခဲခြင်း တစ်စုံတစ်ရာရှိမည်မဟုတ်ပေ။ ပရိသတ်ရှေ့မှာ ပြောရာ၌ ...

*ခက်ခဲခြင်းကိုဖြစ်စေသောအရာသည် စိတ်မချခြင်းဖြစ်၏။ ငါ နေရာမှကျပ်မလား၊ ရယ်စရာကြီးဖြစ်နေမလားဟူသော စိတ်မချခြင်း ဖြစ်၏။*

ထိုကဲ့သို့ စိတ်မချခြင်းဖြစ်သည့်အခါ မနေ့က အိမ်ကမိန်းမကို ဆုံးမမာန်မဲတုန်းက ကရားက ရေသွန်သလိုပါကလား၊ အခုလည်း ဒီလိုပေါ့ ဘာဖြစ်လို့ နေရာမကျရမှာလဲဟု အောက်မေ့ကာ ...

*ကြောက်စိတ်ကိုဖျောက်ဖျက်ပြီး ပရိသတ်အား အိမ်ကမယား လိုသဘောထား၍ပြော၊ သားကလေးကိုဆုံးမသလိုအသံကလေး ကျယ်ဖို့သာလိုလေသည်။ အဘယ်မှာ ခက်ခဲသင့်ပါသနည်း။*

mgyoe.com

mgyoe.com

## ၉ ရိုးသားစွာပြော

မှန်၌ကြည့်ကာ ကိုယ်ဟန်အမူအရာကို ဂရုစိုက်ရန်ပြခဲ့၏။ သို့သော်လည်း ဟန်လုပ်ဖို့မဟုတ်။ ရိုးရိုးနဂိုနေမှန်သည် မမှန်သည်ကို သတိပြုရန်မျှ ဖော်ပြခြင်းဖြစ်၏။ နဂိုနေပုံကို သတိနှင့် မိမိရရလုပ်၍ မရ။ အမှတ်မဲ့နေမှ နဂိုနေဖြစ်သည်ကိုလည်း သတိပြုရမည်။ အခြားတစ်စုံတစ်ယောက်နှင့်တူအောင်မလုပ်နှင့်၊ မိမိကိုယ်တိုင်အနေမျိုး နေရမည်။ ဂိုက်ဟန် အမူအရာဒေါ်မောပါခြင်းသည် ရှေးအခါက ရှေးနည်းမျိုးဖြစ်၏။ ယခုအခါသည်ကား ရိုးရိုးပြောမှ ပရိသတ်လေးစား၏။

*ပြောဟောခြင်းသည် ဇာတ်ကခြင်းမဟုတ်၊ ဇာတ်ဟန်မျိုးကို သတိနှင့်ရှောင်ရမည်။*

ဟောပြောသူသည် မိမိပြောလိုသောစကားကို နားထောင်သောသူများ အကျိုးရှိမည့်စကားများကို ရိုးရိုးသားသား စိတ်ကောင်းစေတနာနှင့် ပြောဖို့သာလို၏။

အဟုတ်တကယ် စိတ်အားမထက်သန်က၊ စိတ်ထက်သန်လေဟန် မဆောင်နှင့်။

*ပြောဟောခြင်းနှင့် ရိုးသားခြင်းသည် အကောင်းဆုံးသော အခြေခံဖြစ်လေသည်။*

မိမိပြောလိုသော အကြောင်းအရာကိုသာ ပြောရမည်။ ရှေ့နေဖြစ်က အမှုသည်ကို အထူးဂရုစိုက်သောစိတ်နှင့်ပြော။ ရွေးကောက်ပွဲအတွက်ပြောက မိမိ၏ပေါ်လစီစနစ်ကို တကယ်ယုံကြည်ရမည်။

ရိုးသားခြင်းထက် အဘယ်နည်းလမ်းမျှ ပို၍မကောင်းပေ။

အဘယ်ဟန်၊ အဘယ်အမူအရာ၊ အဘယ်စနစ်၊ အဘယ်နည်းလမ်းမျှ ရိုးသားခြင်းကို မီမည်မဟုတ်ပေ။ ပရိသတ်သည် အစစ်နှင့်မစစ်မမှန် အတုအယောင်ကို လွယ်ကူစွာသိတတ်လေသည်။

မိမိ၏စိတ်၌ တကယ်မပါဘဲလျက် မိမိ၏စိတ်မှာ လှုပ်ရှားခြင်း

mgyoe.com

mgyoe.com

မဖြစ်ဘဲလျက် ဟန်လုပ်ကာ လှုပ်ရှားခြင်းဖြစ်လေဟန် အမူအရာမျိုးကို မပြကောင်းပေ။

*စိတ်၌ဖြစ်ပေါ်လာသော ဝေဒနာတို့သည် တမင်ဖန်တီး၍မရ။ ပေါ်တိုင်းမပေါ်လာ၊ အကြောင်းအားလျော်စွာ အလိုလိုပေါ်လာမြဲဖြစ်၏။ လာသည့်အခါလာပါလေစေ။ မပေါ်လာလိုက တမင်မခေါ်လေနှင့်။*

စကားပြောကောင်းသည်ဟူသော ဂုဏ်ကိုလည်း မလိုချင်နှင့်၊ မိမိပြောဆိုလိုသော အကြောင်းအရာကို ဖြစ်အောင်ပြောဖို့သာ ကြိုးစားရမည်။ (ဂုဏ်လိုကဂုဏ်ပြို၏။ ဟန်လိုကဟန်ပြို၏။) နောက်အလေ့အကျင့်များ၍ ပရိသတ်ကို ပေါက်၍ကစားစရာ ဂျင်များလိုသဘောထားနိုင်သောအခါ အလိုလိုကျော်ကြားထင်ရှား၍ လာလိမ့်မည်ဟုမှတ်။

ရှေးအခါက လူများမှာ ယခုအခါကဲ့သို့ အခက်အခဲ အရှုပ်အထွေးတွေ မရှိသဖြင့် အရာရာမှာ ဟန်လုပ်နိုင်ကြ၏။ အရာရာမှာ အယဉ်အလှအခန့်ကို သုံးနိုင်ကြ၏။ ယခုခေတ်မှကား ရှေးကထက် လူမှုကိစ္စ ပိုမိုများပြားသောခေတ်ဖြစ်ရာ၊ အရေးကြီးသော အကြောင်းအရာများကို ရှင်းလင်းပြတ်သားစွာ ထိထိရောက်ရောက် ရိုးရိုးသားသား ဟောပြောခြင်းသည် ဟန်အမူအရာကိုသုံးခြင်းထက် ပိုမို၍ခရီးရောက်၏။

## ၁၀ လူငယ်စကားပြောနည်း

ငယ်ရွယ်သောသူများသည် စကားပြောရာ၌ ပရိသတ်ကို ဂရုစိုက်ရာ၏။ ပရိသတ်ထဲ၌ လူကြီးများလည်း ပါဝင်ကြလိမ့်မည်။ သို့ဖြစ်လေရာ (လူငယ်နှင့်တန်သော စကားများကိုသုံးရမည်။) ထေရ်ကြီးဝါကြီးများ သုံးသော စကားလုံးကြီးတွေကို အသက် ၅၀ မကျော်သေးက မသုံးအပ်ပေ။

လူငယ်များ၏ အစည်းအဝေး၌ လူငယ်တစ်ယောက်ဟောပြောရာ

mgyoe.com